ခေါင်းဆောင်ဆိုရာတွင် ပင်ကိုဗီဇအရ မွေးရာပါခေါင်းဆောင် ဟူ၍ အနည်းငယ်သာ ရှိပါလိမ့်မည်။ သာမန်လူသားတစ်ဦးနောက်သို့ အခြားသူများ လိုက်ပါလာစေရန် မည်သည့်အချက်များက အသွင်ပြောင်းလဲပေးလိုက်နိုင်ပါသလဲ။

ယခုစာအုပ်ကို ရေးသားပြုစုသော အောင်မြင်ရေး ပါရဂူ ဘရိုင်ယန် ထရေစီသည် ထောင်ပေါင်းများစွာသောသူတို့ကို ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်များ ဖြစ်လာစေရန် ကူညီပေးခဲ့သူ ဖြစ်သည်။ လိုရင်းကို တိုတိုရှင်းရှင်းနှင့် ဖတ်ရသူ စိတ်ဝင်စားဖွယ် ရေးသားထားသော ဤစာအုပ်သည်-

- ◆ နောက်လိုက်တို့ကို ယုံကြည်စိတ်၊ သစ္စာရှိစိတ် နိုးကြား တက်ကြွနေစေမည့်၊
- ◆ သင့်အဖွဲ့အစည်းအတွင်း အလုပ်ကို ရည်ရွယ်ချက်ရှိရှိ လုပ်နေကြကြောင်း လက်ခံလာစေမည့်၊
- ◆ ပုံရိပ်ကြီးကြီး မြင်ယောင်ပြီး မဟာဗျူဟာကျကျ တွေးဆမျှော်မြင်တတ်မည့်၊
- ◆ အရှုံးထဲမှ အခွင့်အရေး ပြန်ရလာစေမည့်၊
- ◆ စွန့်စားဆောင်ရွက်သင့်သည်များကို မှန်မှန်ကန်ကန် ရွေးချယ်တတ်စေမည့်၊
- ◆ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာတို့ကို ရှင်းရှင်းလင်းလင်း ဖော်ပြပြီး ထောက်ခံပံ့ပိုးမှုကို ရယူမည့်၊
- ◆ အောင်မြင်သောအသင်းများကို တည်ဆောက်ပေးမည့်၊
- ◆ သာမန်လူများထံမှ ထူးချွန် ပြောင်မြောက်သော လုပ်ရပ်များ ရရှိလာစေအောင် ဖော်ထုတ်နိုင်မည့်၊
- ◆ တန်ဖိုးရှိသော ဆက်ဆံရေးကို ဖန်တီး၍ အပြန်အလှန် အကျိုးရှိမှု နိယာမဖြင့် ဩဇာအရှိန်အဝါကို မြှင့်တင်မည့်၊

◆ အဖွဲ့အစည်းကို အောင်ပွဲသို့ ဦးဆောင်နိုင်မည့် ပုဂ္ဂိုလ်အဖြစ် မြင်ယောင်လာစေမည့် အရည်အချင်းရှိသူအဖြစ် မိတ်ဆွေကို ဖော်ထုတ်ပေးပါလိမ့်မည်။